“ဆင်းရဲနွမ်းပါးမှုပပျောက်ရေး အတူတကွကြွယ်ဝချမ်းသာမှုရရှိခြင်း”

# “ဟွာဖျင်သရက်သီး” EUဈေးကွက်ထဲသို့ဝင်ရောက်ရောင်းချနိုင်

ယခုရက်ပိုင်းအချိန်တွင် ယူနန်ပြည်နယ်လီကျမ်းဟွာဖျင်သရက်သီးသဘာဝဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်၊ ဟွာဖျင်ခရိုင်နံ့ရှင် သရက်သီးသီးသန့်စိုက်ပျိုးရေးသမဝါယမအဖွဲ့စသည့် လုပ်ငန်းရှင်(၆)ခုနှင့် သမဝါယမအဖွဲ့မှ စိုက်ပျိုးသော မူပေါင်းတစ်သောင်းလေးထောင် အော်ဂင်းနစ် အမှည့်နောက်ကျသော သရက်သီးသည် EUအော်ဂင်းနစ်ကုန်ပစ္စည်းအသိအမှတ်ပြုခြင်းကိုခံခဲ့ရသည်။ နောက်နောင်တွင် အဆိုပါလုပ်ငန်းရှင်(၆)ခုနှင့်သမဝါယမအဖွဲ့မှ ထုတ်လုပ်သောအော်ဂင်းနစ်သရက်သီးသည် EU အော်ဂင်းနစ်ဈေးကွက်အတွင်းသို့ ဝင်ရောက်ရောင်းချခွင့်ရရှိပြီဖြစ်သည်။

သရက်သီးလုပ်ငန်းသည် ဟွာဖျင်ခရိုင်မှ ရာစုနှစ်တစ်ဝက်ကျော်သောစူးစမ်းလေ့လာမှုနှင့် တိုးတက်ဖွံ့ဖြိုးမှုဖြင့် ပြုစုပျိုးထောင်ထားသော အစိမ်းရောင်သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းခြင်း၊ ပြည်သူလူထုကြွယ်ဝချမ်းသာစေခြင်းနှင့်ကိုက်ညီသော အစိမ်းရောင်စီမံကိန်းတစ်ရပ်ဖြစ်သည်။ ယခုလက်ရှိတွင်ခရိုင်တစ်ခုလုံးအတွင်း သရက်ပင်စိုက်ပျိုးထားသော မြေမျက်နှာပြင်သည် မူပေါင်း (၂.၀၃)သိန်းရှိပြီဖြစ်သည်။ ယမန်နှစ်တွင် ခရိုင်တစ်ခုလုံးအတွင်း သရက်သီးထုတ်လုပ်မှုနှုန်းသည် တန်ချိန်(၁.၀၂၁)သိန်းကို ထုတ်လုပ်နိုင်ခဲ့သည်။ အထွေထွေထုတ်လုပ်မှုတန်ဖိုးသည်တရုတ်ယွမ်ငွေသန်းပေါင်း(၉၁၀)ရှိပါသည်။

ယခုလက်ရှိတွင် “ဟွာဖျင်သရက်သီး”သည် နိုင်ငံတော်ပထဝီ landmark ကာကွယ်ထိန်းသိမ်းရေး ကုန်ပစ္စည်းအဖြစ် အောင်မြင်စွာလျှောက်ထားနိုင်ခဲ့ပြီး အရည်အသွေးကောင်းမွန်သောသစ်သီးဇုန်၏ အများသိအမှတ်တံဆိပ်အဖြစ်ရွေးချယ်ခြင်းခံရသည်။ သရက်သီးစိုက်ပျိုးရေး မြေဧရိယာမူပေါင်း(၁)သောင်းသည် နိုင်ငံတော်အစိမ်းရောင်စားသောက်ကုန်အခြေစိုက်စခန်း၏ အသိအမှတ်ပြုချက်ကိုရရှိခဲ့သည်။ သရက်သီးစိုက်ပျိုးရေး မြေဧရိယာမူပေါင်း(၇.၈)သောင်းသည် နိုင်ငံတော်ဘေးအန္တရာယ်မပြုသော စိုက်ပျိုးရေးထွက်ကုန်အခြေစိုက်စခန်း၏ အသိအမှတ်ပြုချက်ကို ရရှိခဲ့သည်။

“ကုမ္ပဏီ+အသင်း+တောင်သူလယ်သမား+သိပ္ပံနည်းပညာ+အခြေစိုက်စခန်း” လုပ်ဆောင်မှုပုံစံဖြင့် အစိမ်းရောင် အမှည့်နောက်ကျသောသရက်သီးများကို စနစ်တကျထုတ်လုပ်နိုင်ခြင်း၊ စီးပွားရေးဆန်စေနိုင်ခြင်း၊ လုပ်ငန်းတွင်ကျယ်စေခြင်း၊ စည်းစနစ်ကျစွာဖွံ့ဖြိုးစေခြင်း စသည်တို့လုပ်ဆောင်နိုင်ရန် တွန်းအားဖြစ်စေသည်။ ခရိုင်(၆)ခုရှိ ကျေးရွာကော်မတီ(၃၆)ခုတို့သည် သရက်သီးများစိုက်ပျိုးရေးလုပ်ဆောင်လာပြီး စိုက်ပျိုးသောအိမ်ထောင် (၁၁၃၃၂)စုရှိသည်။ ၎င်းအနက် စိုက်ပျိုးမြေမူပေါင်း(၅၀)နှင့်အထက်ရှိ စိုက်ပျိုးသောအိမ်ထောင်သည် (၃၂၄)စုရှိနေပါသည်။

ဟွာဖျင်အစိမ်းရောင် အကျိုးပြုစိုက်ပျိုးမွေးမြူရေး သမဝါယမအဖွဲ့တွင် သရက်သီးစိုက်ပျိုးရေးမြေဧရိယာမူပေါင်း (၁၁၈၀၀)ရှိသည်။ ၎င်းအနက် မူပေါင်း (၉၀၀)ကျော်သည် အော်ဂင်းနစ်အသိအမှတ်ပြုလက်မှတ် ရရှိထားပြီဖြစ်သည်။ ယခင်ကသစ်သီးဝလံစိုက်ပျိုးရေးသမားများသည် သမရိုးကျနည်းပညာများဖြင့်သာစိုက်ပျိုးတတ်သည်။ ပိုးသတ်ဆေး၊ ဓာတုဓာတ်မြေဩဇာများကို အထူးအသုံးပြုကြသည်။”ဟု ဟွာဖျင်အစိမ်းရောင် အကျိုးပြုစိုက်ပျိုးမွေးမြူရေး သမဝါယမအဖွဲ့ဥက္ကဋ္ဌကော်ရှင်ပင်က မိတ်ဆက်သည်။ ယခုအချိန်တွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုဌာနမှ အဖွဲ့ဝင်



(၁၈၇)ဦးကို သတ်မှတ်ထားသည့်ဆိုင်များတွင် အော်ဂင်းနစ်ဆေးများ၊ အော်ဂင်းနစ်မြေဩဇာနှင့် သစ်သီးထည့်သေတ္တာများကိုဝယ်ယူရန် တင်းကြပ်စွာသတ်မှတ်ပေးထားသည်။ အော်ဂင်းနစ်စံနှုန်းအတိုင်းစိုက်ပျိုးခြင်းနှင့် စီမံအုပ်ချုပ်ခြင်းများကို လုပ်ဆောင်သည်။ အဖွဲ့ဝင်များ၏ နှစ်စဉ်ပျမ်းမျှဝင်ငွေကို တရုတ်ယွမ်(၁.၅)သိန်းနှင့်အထက် ရရှိအောင် ဖန်တီးဆောင်ရွက်ပေးသည်။

ယူနန်ပြည်နယ်အစိုးရမှ ဖော်ထုတ်သော “အစိမ်းရောင်စားသောက်ကုန်အမှတ်တံဆိပ်”နှင့် အညီ ဟွာဖျင်ခရိုင်တွင် “တစ်နိုင်ငံလုံးအော်ဂင်းနစ်အမှည့်နောက်ကျသော သရက်သီးစံပြစိုက်ပျိုးရေးစခန်း” တည်ထောင်နိုင်ရန်ရည်ရွယ်ပြီး ၂၀၂၀ခုနှစ်တွင် အော်ဂင်းနစ်အစိမ်းရောင်အမှည့်နောက်ကျသော သရက်သီးအခြေစခန်းမူပေါင်း(၆)သောင်းကို စိုက်ပျိုးနိုင်ခြင်း စည်းစနစ်ကျသောအပြင်လိုက်စံပြစိုက်ပျိုးရေးစခန်း(၃၀)ခုနှင့် အထက်အသိအမှတ်ပြုခြင်းရရှိအောင် ကြိုးပမ်းသွား မည်ဖြစ်သည်။

သတင်းထောက် လီရှပ်ချွန်

“Intellectual property ကာကွယ်ထိန်းသိမ်းခြင်း”

# ယူနန်၏ Intellectual property ဖန်တီးမှုစွမ်းရည်မြင့်တက်လျက်ရှိ

၂၀၀၈ခုနှစ်ကတည်းက ယူနန်ပြည်နယ်သည် Intellectual property အစီအစဉ် လက်တွေ့အကောင်အထည်ဖော်ဆောင်ကြောင်း၊ Intellectual property ဖန်တီးမှုစွမ်းရည်၊ Intellectual property ကာကွယ်ထိန်းသိမ်းရေးစွမ်းရည်၊ Intellectual property အသုံးပြုမှုစွမ်းရည်နှင့် ဝန်ဆောင်မှုစွမ်းရည်သိသာစွာမြင့်တက်လာနေပါကြောင်း၊ ပြည်နယ်တစ်ခုလုံးအတွင်း Intellectual property လုပ်ငန်းရပ်များသည် ဖွံ့ဖြိုးတိုးတက်သောအချိန်ကာလသို့ ဝင်ရောက်လျက်ရှိနေကြောင်း ၂၀၁၈ခုနှစ်ယူနန်ပြည်နယ် Intellectual property ကြော်ငြာခြင်းအပတ်စဉ်စတင်ခြင်း အခမ်းအနားတွင် ကြော်ငြာခဲ့သည်။

“၂၀၁၇ခုနှစ်တွင် ပြည်နယ်တစ်ခုလုံးမှ patent မူပိုင်ခွင့်လျှောက်ထားသည့်အရာ (၂၈၆၉၅)ခုရှိသည်။ Patent authorization မူပိုင်၏ ခွင့်ပြုချက်ရရှိရန်လျှောက်ထားသည့်အရာ (၁၄၂၃၀) ရှိသည်။ လူဦးရေ(၁)သောင်းလျှင် တီထွင်မှုမူပိုင်ခွင့်ပိုင်ဆိုင်မှုသည် (၂.၂၁) ခုရှိသည်။ Intellectual property ဖန်တီးနိုင်မှုစွမ်းရည်မြင့်တက်လျက်ရှိနေပါသည်။”ဟု ယူနန်ပြည်နယ် Intellectual property ဌာနမှတာဝန်ရှိသူက မိတ်ဆက်ပေးသည်။ Intellectual property အစီအစဉ် လက်တွေ့ကျင့်သုံးလာသည့် (၁၀)နှစ်တာ အချိန်ကာလအတွင်းတွင် ယူနန်ပြည်နယ်၌ patentမူပိုင်ခွင့်လျှောက်ထားခြင်းနှုန်းထားနှင့် patent authorization မူပိုင်၏ခွင့်ပြုချက်ရရှိရန် လျှောက်ထားခြင်းနှုန်းထားမြင့်တက်လာသည်။ လျှောက်ထားခြင်း တိုးမြင့်လာနှုန်းသည်(၂၄%) ရှိသည်။ authorization ခွင့်ပြုချက်လျှောက်ထားခြင်းတိုးမြင့်နှုန်းသည်(၂၃%) ရှိသည်။ ပျှမ်းမျှလူဦးရေ(၁)သောင်းလျှင် တီထွင်ဖန်တီးမှု patent မူပိုင်ခွင့်ပိုင်ဆိုင်မှုတစ်နှစ်တာအချိန်ကာလအတွင်း တိုးမြင့်လာနှုန်းသည်(၂၅%)ရှိသည်။ ကုန်အမှတ်တံဆိပ်အရေအတွက်နှင့် အရည်အသွေးသည် သိသာစွာမြင့်တက်လာပါသည်။ တရားဝင်ကုန်အမှတ်တံဆိပ်အရေအတွက်သည်လည်း (၆)ဆမြင့်တက်လာပါသည်။ တရုတ်နိုင်ငံနိုင်ငံကျော်အမှတ်တံဆိပ်မြင့်တက်လာ နှုန်းသည်(၁၅)ဆရှိသည်။ ယူနန်ပြည်နယ်နာမည်ကျော် ကုန်အမှတ်တံဆိပ်မြင့်တက်မှုနှုန်းသည် (၂)ဆခန့်ရှိသည်။ ပထဝီ landmark ကုန်အမှတ်တံဆိပ်မြင့်တက်လာနှုန်းသည် (၁၃)ဆရှိနေသည်။ လုပ်ငန်းရှင်များမှ မက်ဒရစ်စနစ်ဖြင့်မှတ်ပုံတင်သော အပြည်ပြည်ဆိုင်ရာကုန်အမှတ်တံဆိပ်များသည် ရာကျော်ရှိပါသည်။

၂၀၁၇ခုနှစ်ထိတိုင် ယူနန်ပြည်နယ်အတွင်းတွင် တရားဝင်အကျိုးသက်ရောက်မှုရှိသော ကုန်အမှတ်တံဆိပ်အရေအတွက်သည် (၂.၁)သိန်းကျော်ရှိပြီး တစ်နိုင်ငံလုံးအနေနှင့်အဆင့်(၁၈)နေရာတွင် ရပ်တည်ပါသည်။ ပထဝီ landmark ကာကွယ်ထိန်းသိမ်းခြင်း ကုန်ပစ္စည်းအရေအတွက်သည် (၄၉)မျိုးရှိပြီး တစ်နိုင်ငံလုံးအနေနှင့် အဆင့်(၂၀)တွင် ရပ်တည်ပါသည်။ ပန်းမာများစသည့် အဆင့်မြင့် အထူးထွက်ကုန်ခေတ်သစ်စိုက်ပျိုးရေးလုပ်ငန်းကိုယ်စားပြုသော စိုက်ပျိုးရေးအမျိုးအစားအသစ်အရေအတွက်သည် အနှစ်(၁၀)တာအချိန်ကာလအတွင်း (၈.၆)ဆမြင့်တက်လာသည်။ ခွင့်ပြုချက်ရရှိထားသော စိုက်ပျိုးရေးအမျိုးအစားအသစ်အရေအတွက်သည် တစ်နိုင်ငံလုံးအတွင်း အဆင့်(၃)နေရာတွင် ရှိနေပါသည်။

သတင်းထောက် ကျီကျိန်



**ပုံသတင်း–** ယခုရက်ပိုင်းတွင် မြန်မာနိုင်ငံနိုင်ငံတော်ဝူရှူးအသင်းဥက္ကဋ္ဌ လီပေါဖော်က အသင်းသားများကိုဦးဆောင်ကာယူနန်သို့ရောက်ရှိလာပြီး ယူနန်တိုင်းရင်းသားလူမျိုးတက္ကသိုလ်တွင်ကျင်းပသော တက္ကသိုလ်ကျောင်းထိုက်ကျိ International alliance၊ ထိုက်ကျိအကယ်ဒမီ၊ ထိုက်ကျိနိုင်ငံတကာကျောင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲတွင် ထိုက်ကျိသိုင်းပညာကို တင်ဆက်ပြသကြသည်။ ထိုနေ့တွင် ရှောက်လင်စီသိုင်းတတ်ကိုယ်တော်အဖွဲ့၊ ယူနန်အားကစားပရောဖက်ရှင်နယ် နည်းပညာကျောင်းစသည့် ထိုက်ကျိကျွမ်းကျင်သူတစ်ထောင်နီးပါးတို့သည် အမာ၊ အပျော့ပေါင်းစပ်ထားသော လှုပ်ရှားမှုငြိမ်သက်မှုများပါဝင်သောသိုင်းကွက် ကပြတင်ဆက်ကြသည်။

“ယခုအကြိမ် ယူနန်ခရီးစဉ်သည် ရလဒ်နှစ်ခုရှိသည်။ ပထမရလဒ်သည် ယူနန်တိုင်းရင်းသားလူမျိုးစုတက္ကသိုလ်မှ အတည်ပြုသော ‘ထိုက်ကျိ International alliance’ထဲ အတူညှိနှိုင်းရန်နှင့်အတူတည်ဆောက်ရန် ပါဝင်ဆောင်ရွက်ခြင်းဖြစ်သည်။ ဒုတိယရလဒ်သည် ထိုက်ကျိယဉ်ကျေးမှုအစပျိုးသည့်နေရာသို့ အသင်းသားများကိုဦးဆောင်ကာ သွားရောက်သင်ကြားဖလှယ်နိုင်ခြင်း”ဖြစ်သည်ဟု လီပေါဖော်က ပြောကြားသည်။